ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**သဂါထာဝဂ္ဂ နိဒါနဝဂ္ဂ သံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၃) စနေနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ဒေဝတာသံယုတ် ဆေတ္တာဝဂ် ဝုဋ္ဌိသုတ်လာ အဖြေစကားတို့ကို စုံလင်စွာ ရေးပြပါ။

၂။ ရဟန်းကို ငယ်၏-ဟူ၍ မထေမဲ့မြင် မပြုရခြင်းအကြောင်းကို ဖြေဆို၍၊ ပသေနဒီကောသလမင်းကြီး ထမင်းစားသောအခါ သုဒဿနလုလင် ရွတ်ဆိုသော စကားကိုလည်း ရေးပြပါ။

၃။ လှူအပ်သောအလှူ အကျိုးကြီးမားဖို့ရန် ရဟန်းတစ်ပါး ပယ်ရမည့်တရား, ပြည့်စုံရမည့် ဂုဏ်အင်္ဂါတို့ကို ရေးပြပါ။

၄။ မာရ်နတ်မင်း၏ ပဋိသန္ဓေနေရခြင်းကို နှစ်သက်ရခြင်းနှင့် စာလာဘိက္ခုနီမ၏ ပဋိသန္ဓေနေရခြင်းကို မနှစ်သက်ရခြင်းတို့၏ အကြောင်းတို့ကို ရှင်းပြပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ သဟမ္ပတိဗြဟ္မာ ရွတ်ဆိုသော စကားရပ်ကို ရေးပြပါ။

၅။ မြတ်စွာဘုရား ကောသလတိုင်း တောအုပ်တစ်ခု၌ သီတင်းသုံးနေတော်မူစဉ် နဝကမ္မိကဘာရဒွါဇပုဏ္ဏား အား မိန့်တော်မူသော စကားနှင့် ရာဇဂြိုဟ်ပြည် ဣန္ဒကူဋတောင်ဝယ် ဣန္ဒကဘီလူးအား မိန့်တော်မူသော စကားတို့ကို ဖြေဆိုပါ။

၆။ သိကြားမင်း၏ ပုရိန္ဒဒ, သက္က, ဝါသဝအမည်ရခြင်း၏ အကြောင်းတို့ကို ရေးပြပြီး သိကြားမင်းသည် အဘယ် လူပုဂ္ဂိုလ်မျိုးတို့ကို ရှိခိုးပါသနည်း? ဂဟဋ္ဌဝန္ဒနာသုတ်ကို အကိုးအကားပြု၍ ဖြေဆိုပါ။

၇။ ဇာတိ, နာမ်ရုပ်-တို့၏ အဓိပ္ပါယ်ကို ဝိဘင်္ဂသုတ်လာသည့်အတိုင်း ရေးပြပါ။

၈။ သောတာပတ္တိအင်္ဂါ ၄-ပါးတို့တွင် နောက်ဆုံးအင်္ဂါရပ်ကို ပဉ္စဝေရဘယသုတ်နှင့်အညီ ရေးပြပြီး သုသိမ ပရိဗိုဇ်၏ တပည့်ပရိသတ်တို့က သုသိမပရိဗိုဇ်အား တိုက်တွန်းပြောဆိုသော စကားကိုလည်း ရေးပြပါ။

၉။ အာဘာဓာတ်စသည်တို့ဖြင့် ရောက်နိုင်သော သမာပတ်တို့ကို အစဉ်တကျ တွဲစပ်ပြပြီး မြတ်စွာဘုရားသည် အဘယ်အကျိုးငှာ တိကဘောဇဉ်ကို ပညတ်တော်မူခဲ့ပါသနည်း? ရေးသားဖြေဆိုပါ။

၁၀။ မြတ်စွာဘုရား ရဟန်းတို့အား မိန့်ကြားတော်မူသည့် မုဆိုး, ကြိုးရှည်ရှည်တပ်သော မှိန်း, ကြိုးအမည်တို့ကို ကမ္မသုတ်နှင့်အညီ ရေးပြပြီး မြတ်စွာဘုရား အရှင်နန္ဒအား မိန့်ကြားတော်မူသည့် စကားရပ်ကို ဂါထာနှင့် အညီ ရေးပြပါ။

**တစ်ပုဒ်လျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**ခန္ဓဝဂ္ဂ သဠာယတနဝဂ္ဂ သံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅–ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇–ရက်၊ (၉–၇–၂၀၂၃) တနင်္ဂနွေနေ့
ခွင့်ပြုချိန်။ ။၄–နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ သွားသောရဟန်းကို ပညာရှိတို့က ပြဿနာမေးတတ် စုံစမ်းတတ်ကြရာ အဘယ်သို့ ပြဿနာမေးတတ် စုံစမ်းတတ်ပါသနည်း? ဒေဝဒဟသုတ်လာ အရှင်သာရိပုတ္တရာ ဟောကြားသည့်အတိုင်း ရေးခဲ့ပါ။

၂။ (က) ဝန် (ခ) ဝန်ဆောင်သမား (ဂ) ဝန်ယူရကြောင်း (ဃ) ဝန်ချထားခြင်းတို့ကို ဘာရ–သုတ်နှင့်အညီ အကျဉ်းမျှ ရှင်းပြ၍ လောက၌ ဝန်ကို ယူရခြင်း, ချထားခြင်း အကျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၃။ ဥဒါနသုတ်လာ မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူပုံကို ဖြေဆို၍ အဘယ်ဝေဒနာကို “ငါ့ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တမဟုတ်”ဟု ရှုရပါမည်နည်း? အနတ္တလက္ခဏသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၄။ အဘယ့်ကြောင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်–ဟု ခေါ်ဆိုအပ်ပါသနည်း? ခဇ္ဇနီယသုတ်လာအတိုင်း ဖြေဆို၍ လူ့စည်းစိမ်မှလည်း ဆုတ်ယုတ်သူ, ရဟန်းပြုကျိုးကိုလည်း မပြည့်စုံစေနိုင်သူကို ဥပမာနှင့်တကွ ပိဏ္ဍောလျသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၅။ မြတ်စွာဘုရားရှင် အနုရာဓရဟန်းအား မိန့်တော်မူအပ်သော ဘုရားရှင်ပညတ်အပ်သော တရားတို့ကို ဖြေဆို၍ အရှင်အဿဇိအား မြတ်စွာဘုရား နောက်ဆုံးမိန့်တော်မူသော စကားကိုလည်း ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။

၆။ မျက်စိ၏ (က) သာယာဖွယ် (ခ) အပြစ် (ဂ) ထွက်မြောက်ရာတို့ကို ဖြေဆို၍ သဗ္ဗသုတ်လာ အလုံးစုံတရားကိုလည်း မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၇။ ပျက်စီးတတ်သောကြောင့် “လောက”ဟု ဆိုရာ၌ အဘယ်သည် ပျက်စီးတတ်သနည်း? လောကပဉှာသုတ်လာအတိုင်း ဖြေဆို၍ အရှင်သာရိပုတ္တရာအား အရှင်ဆန္န ပြောပြသော ရောဂါဝေဒနာခံစားနေရပုံတို့ကိုလည်း ဥပမာများနှင့်တကွ ဖြေဆိုခဲ့ပါ။

၈။ ဘာရဒွါဇသုတ်ကို (က) ဟောရာဌာန (ခ) ဟောကြားသောပုဂ္ဂိုလ် (ဂ) နာယူသောပုဂ္ဂိုလ်တို့၏ အမည်တို့ကို ဖြေဆို၍ ပဌမအရွယ် ငယ်ရွယ်နုပျိုသော ရဟန်းတို့ ကာမဂုဏ်မခံစားဘဲ အသက်ထက်ဆုံး မြတ်သော အကျင့်ကို ကျင့်ကြခြင်းအကြောင်းကိုလည်း ဘာရဒွါဇသုတ်နှင့်အညီ ပဌမအကြောင်းကိုသာ ဖြေဆိုခဲ့ပါ။

၉။ အာသီဝိသောပမသုတ်လာ (က) မြွေလေးကောင် (ခ) အတွင်းသူလျှို လူသတ်သမား (ဂ) လူသူဆိတ်သုဉ်းသောရွာ (ဃ) ရွာကို နှိပ်စက်ဖျက်ဆီးသော ခိုးသူ (င) ရေပင်လယ်ကြီး–ဟူသော ဥပမာစကားတို့၌ အနက်အဓိပ္ပါယ်တို့ကို ရှင်းပြဖြေဆိုခဲ့ပါ။

၁၀။ ချက်ပြီး ဆွမ်းဦးကို လောင်းရုံမျှဖြင့် မွဲနိုင်/ မမွဲနိုင် မြတ်စွာဘုရား မိန့်ဆိုသောစကားကို အထောက်ပြကာ ဆုံးဖြတ်၍ အမျိုးတို့၏ ပျက်စီးခြင်း အကြောင်း (၈)ပါးတို့ကိုလည်း အစဉ်တကျ ရေးခဲ့ပါ။

**တစ်ပုဒ်သွားလျှင် (၁၀) မှတ်စီ**

ပိဋကတ္တယမာမကအသင်း
နာယကဆရာတော်များက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၄) သံယုတ္တနိကာယ**

**မဟာဝဂ္ဂသံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈-ရက်၊ (၁၀-၇-၂၀၂၃) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ မဂ္ဂင်ရထားကြီး၏ ရထားသံ, ဇက်ကြိုး, ဝင်ရိုး, ဘီး, အကာအရံတို့ကို ဖော်ပြ၍ အညတိတ္ထိယပေယျာလဝဂ်လာ မြတ်သောအကျင့်ကို ကျင့်ရခြင်းအကျိုးတို့တွင် အစ ၅-မျိုးကိုသာ ရေးပါ။

၂။ နာဝါသုတ်လာ အရိယအဋ္ဌင်္ဂိကမဂ်ကို ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားတို့ကို ဥပမာနှင့်တကွ ဖြေဆို၍ တသိနာသုတ်လာ မွတ်သိပ်ဆာလောင်ခြင်း ၃-မျိုးကိုလည်း အစဉ်တကျ ဖော်ပြပါ။

၃။ ကုဏ္ဍလိယပရိဗိုဇ်က မြတ်ဗုဒ္ဓအား ပထမဆုံးမေးလျှောက်သော အမေးနှင့် မြတ်ဗုဒ္ဓ၏ အဖြေတို့ကို ပြည့်စုံစွာ ရေးသား၍ ရွှေ၏ အညစ်အကြေးတို့ကိုလည်း ထုတ်ပြပါ။

၄။ စိတ်ပျံ့လွင့်ရာအခါ၌ ပွားသင့်သော ဗောဇ္ဈင်တို့ကို အကြောင်းနှင့်တကွ ဖော်ပြ၍ ဗြဟ္မဝိဟာရစေတောဝိမုတ္တိတရား ၄-ပါးတို့ကို အပြီးအဆုံးတရားတို့နှင့် အသီးသီးတွဲစပ် ဖြေဆိုပါ။

၅။ ဇနပဒကလျာဏီသုတ်၌ မြတ်ဗုဒ္ဓ ဟောကြားအပ်သော ဥပမာနှင့် ဥပမေယျတရားတို့ကို ပြည့်စုံစွာ ဖြေဆို၍ ရဟန်းတော်များ အဘယ်အကျိုးငှာ သီလစောင့်ထိန်းကြသည်ကို သီလသုတ်လာသည့်အတိုင်း ဖြေဆိုပါ။

၆။ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် ပွားများအပ်သော ဣန္ဒြေတို့ကို ဖော်ပြ၍ ယင်းဣန္ဒြေတို့သည် အဘယ်တရားတို့၏ ကုန်ခြင်းအဆုံးရှိသည်ကိုလည်း ဖြေဆိုပြီး အရှင်သာရိပုတ္တရာ လျှောက်ထားအပ်သော သဒ္ဓါရှိသောပုဂ္ဂိုလ်၏ သဒ္ဓိန္ဒြေဖြစ်ပုံကို ရှင်းပြပါ။

၇။ စေတိယသုတ်၌ လာသော ဘုရားရှင်၏ မွေ့လျော်ရာ ၇-ဌာနနှင့် စာပါလစေတီ၌ ကျူးရင့်တော်မူသော မြတ်ဘုရား၏ ဥဒါန်းစကားတော်တို့ကို ရေးသားပါ။

၈။ မြတ်စွာဘုရား ဗြဟ္မာ့ပြည်သို့ ချဉ်းကပ်သွားရောက်နိုင်ပုံကို ဖြေဆို၍ အရိယဝိဟာရဟု ဆိုထိုက်သော တရားကို ဣစ္ဆာနင်္ဂလသုတ်လာအတိုင်း ဖော်ပြပြီး ဒီဃာဝုဥပါသကာနှင့် စပ်၍ ရဟန်းတို့၏ အမေးစကားကို မြတ်ဗုဒ္ဓ မည်ကဲ့သို့ ဖြေကြားခဲ့သည်ကို ဖြေဆိုပါ။

၉။ ဣသိဒတ္တနှင့် ပုရာဏလက်သမားတို့ လျှောက်ထားသော မောင်းမမိဿံတို့၏ အတွေ့အထိ နူးညံ့ပုံကို ဥပမာသွင်း ဖြေဆိုကာ နန္ဒိယသက္ကအား ဟောကြားအပ်သော အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

၁၀။ ဓမ္မဒိန္နအား ပထမဆုံးပေးအပ်သော ဩဝါဒကို မှတ်သားဖွယ် ရေးသား၍ အပါယ်သတ္တဝါများ အလွန်ပင်များပြားပုံကို ပါဏသုတ်လာအတိုင်း ဖြေဆိုပါ။

**တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ**

# အုပ်စု (၄) သံယုတ္တနိကာယ

# သဂါထာဝဂ္ဂ နိဒါနဝဂ္ဂ သံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆-ရက်၊ (၈-၇-၂၀၂၃) စနေနေ့

================================================================

၁။ ဒေဝတာသံယုတ် ဆေတွာဝဂ်ဝုဋ္ဌိသုတ်လာ အဖြေစကားတို့ကို စုံလင်စွာ ရေးပြပါ။

၁။ တက်ကုန်သောဝတ္ထုတို့တွင် မျိုးစေ့သည် မြတ်၏၊ ကျကုန်သောဝတ္ထုတို့တွင် မိုးရေမိုးပေါက်သည် မြတ်၏၊ ခြေဖြင့် သွားတတ်ကုန်သောသူတို့တွင် နွားသည် မြတ်၏၊ ပြောကြားတတ်ကုန်သောသူတို့တွင် သားသည် မြတ်၏-ဟု (နတ်သားတယောက်က ဖြေဆို၏)။ (၅-မှတ်)

တက်ကုန်သော ဝတ္ထုတို့တွင် အသိဉာဏ် ဝိဇ္ဇာ (မဂ်ပညာ) သည် မြတ်၏၊ ကျကုန်သော ဝတ္ထုတို့တွင် မသိမှု 'အဝိဇ္ဇာ'သည် မြတ်၏၊ ခြေဖြင့် သွားတတ်ကုန်သော သူတို့တွင် သံဃာသည် မြတ်၏၊ ပြောကြားတတ်ကုန်သော သူတို့တွင် မြတ်စွာဘုရားသည် မြတ်၏-ဟု (မိန့်တော်မူ၏)။ (မြန်-၃၉) (၅-မှတ်)

---

၂။ ရဟန်းကိုယ်၏-ဟူ၍မထေမဲ့မြင်မပြုရခြင်းအကြောင်းကိုဖြေဆို၍၊ပသေနဒီကောသလမင်းကြီးထမင်းစားသောအခါ သုဒဿနလုလင် ရွတ်ဆိုသော စကားကိုလည်း ရေးပြပါ။

၂။ **မထေမဲ့မြင် မပြုရခြင်းအကြောင်း-**

သီလနှင့်ပြည့်စုံသောရဟန်းသည်(သီလတည်းဟူသော)တန်ခိုးဖြင့်အကြင်(မထေမဲ့မြင်ပြုအပ်သော)သူကို လောင်တတ်၏၊ ထိုသူအား သားသမီးတို့သည်ငှင်း အခြေလေးခုရှိ ကွဲနွားစသော သားတို့သည် ငှင်းမဖြစ်ထွန်းကုန်၊ အမွေခံတို့သည်လည်း အမွေဥစ္စာကို မရကုန်၊ ထိုသူတို့သည် သားသမီး မရှိကုန်သည် အမွေခံမရှိကုန်သည်ဖြစ်၍ ထန်းပင်ငုတ်နှင့်တူကုန်၏။ (မြန်-၆၈) (၅-မှတ်)

**သုဒဿနလုလင် ရွတ်ဆိုသော စကား-**

အခါခပ်သိမ်းသတိနှင့်ပြည့်စုံသောရအပ်သောစားသုံးဖွယ်၌အတိုင်းအရှည်ကိုသိသောထိုသူအား ဝေဒနာတို့သည် နည်းပါးကုန်၏၊ (သုံးဆောင်အပ်သော အာဟာရသည်လည်း) အသက် ကို စောင့်သည်ဖြစ်၍ နူးညံ့စွာ ကြေညက်၏-ဟု ရွတ်ဆို၏။ (မြန်-၈၁) (၅-မှတ်)

---

၃။ လှူအပ်သောအလှူ အကျိုးကြီးမားဖို့ရန် ရဟန်းတစ်ပါး ပယ်ရမည့်တရား, ပြည့်စုံရမည့် ဂုဏ်အင်္ဂါတို့ကို ရေးပြပါ။

၃။ **ရဟန်းတစ်ပါး ပယ်ရမည့်တရား-**

ကာမဂုဏ်ကို လိုလားမှု 'ကာမစ္ဆန္ဒ' ကို ပယ်အပ်၏၊ ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ပယ်အပ်၏၊ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကို ပယ်အပ်၏၊ ပျံ့လွင့်မှု နောင်တဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'ကို ပယ်အပ်၏၊ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ပယ်အပ်၏။ (မြန်-၉၇) (၅-မှတ်)

**ပြည့်စုံရမည့် ဂုဏ် အင်္ဂါ-**

ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာ တို့၏ ဥစ္စာဖြစ်သော ကိလေသာတို့မှ လွတ်မြောက်မှု ဝိမုတ္တိဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ရဟန္တာတို့ ၏ ဥစ္စာဖြစ်သော ကိလေသာမှ လွတ်မြောက်သော ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူး နှင့် ပြည့်စုံ၏။

(မြန်-၉၇) (၅-မှတ်)

၄။ မာရ်နတ်မင်း၏ပဋိသန္ဓေနေရခြင်းကိုနှစ်သက်ရခြင်းနှင့်စာလာဘိက္ခုနီမ၏ပဋိသန္ဓေနေရခြင်းကိုမနှစ်သက်ရခြင်းတို့၏ အကြောင်းတို့ကို ရှင်းပြပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအခါ သဟမ္ပတိဗြဟ္မာ ရွတ်ဆိုသော စကားရပ်ကို ရေးပြပါ။

၄။ **ပဋိသန္ဓေနေရခြင်းကို နှစ်သက်ရခြင်းအကြောင်း–**

ပဋိသန္ဓေနေသူသည် ကာမဂုဏ်တို့ကို ခံစားရသောကြောင့် ပဋိသန္ဓေနေရခြင်းကို မာရ်နတ်မင်း နှစ်သက်ရခြင်း ဖြစ်ပါသည်။ (မြန်–၁၂၈) (၃–မှတ်)

**ပဋိသန္ဓေနေရခြင်းကို မနှစ်သက်ရခြင်းအကြောင်း**

ပဋိသန္ဓေနေသူအား သေခြင်းဖြစ်၏၊ ပဋိသန္ဓေနေသူသည် (နှောင်ဖွဲ့ခြင်း သတ်ခြင်း အထူးထူး အပြားပြားသော ဘေးရန်ဟူသော) ဆင်းရဲတို့ကို တွေ့ထိရ၏၊ ထို့ကြောင့် ပဋိသန္ဓေနေခြင်းကို စာလာဘိက္ခုနီမ မနှစ်သက်ရခြင်း ဖြစ်ပါသည်။ (မြန်–၁၂၉) (၃–မှတ်)

**သဟမ္ပတိဗြဟ္မာ ရွတ်ဆိုသော စကားရပ်–**

အလုံးစုံသောတရားတို့ကိုကိုယ်တိုင်မှန်စွာသိတော်မူသောအားဆယ်းပါးနှင့်ပြည့်စုံတော်မူသော ဤသို့သော ဆရာသခင် အတုမဲ့ဘုရားသျှင်သော်လည်း အကြင်လောက၌ ပရိနိဗ္ဗာန်ပြုတော်မူရချေသေး၏၊ ထိုလောကထဲ၌ အားလုံးရှိသမျှ သတ္တဝါတို့သည် ရုပ်နာမ်အစု အတ္တဘောကို စွန့်ပစ်ကြရ ကုန်မည် ချည်းသာတည်း–ဟု ရွတ်ဆို၏။ (မြန်–၁၅၁–၂) (၄–မှတ်)

---

၅။ မြတ်စွာဘုရား ကောသလတိုင်း တောအုပ်တစ်ခု၌ သီတင်းသုံးနေတော်မူစဉ် နဝကမ္မိကဘာရဒ္ဓါဇပုဏ္ဏားအား မိန့်တော်မူသော စကားနှင့် ရာဇဂြိုဟ်ပြည် ဣန္ဒကကူဋတောင်ဝယ် ဣန္ဒကဘီလူးအား မိန့်တော်မူသော စကားတို့ကို ဖြေဆိုပါ။

၅။ **နဝကမ္မိကဘာရဒ္ဓါဇပုဏ္ဏားအား မိန့်တော်မူသော စကား–**

ပုဏ္ဏား! ငါ့အား တော၌ ပြုဖွယ်ကိစ္စမရှိ၊ ငါသည် တောကိုရင်း ပြောင့်ကိုရင်း အမြစ်ရင်းနှင့်တကွ ဖြတ်အပ်ပြီးပြီ၊ထိုငါသည်ကိလေသာတောမရှိသည်ကိလေသာငြောင့်တံသင်းမရှိသည်ဖြစ်၍မမွေ့လျော်ခြင်းကို ပယ်လျက် တော၌ တယောက်တည်းမွေ့လျော်၏–ဟု (မိန့်တော်မူ၏)။ (မြန်–၁၇၀) (၅–မှတ်)

**ဣန္ဒကဘီလူးအား မိန့်တော်မူသော စကား–**

ဘီလူး ရှေးဦးစွာ ကလလရေကြည်ဖြစ်၏၊ ကလလရေကြည်မှ အမြှုပ်ဖြစ်၏၊ အမြှုပ်မှ သားတစ်ဖြစ်၏၊ သားတစ်မှ အခဲဖြစ်၏၊ အခဲမှ ခက်မငါးဖြာတို့ ဖြစ်ကုန်၏၊ ဆံ အမွေး ခြေသည်း လက်သည်းတို့လည်း ဖြစ်ကုန်၏။ ဤသတ္တဝါ၏ အမိသည် အကြင်ထမင်းကိုရင်း အဖျော်ကိုရင်း စားဖွယ်ကိုရင်း စား၏၊ အမိ၏ဝမ်း၌ တည်သော ထိုသတ္တဝါသည် ထို (အမိစားသော) အစာဖြင့် ထိုအမိဝမ်း၌ မျှတ၏–ဟု (မိန့်တော်မူ၏)။ (မြန်–၁၉၄) (၅–မှတ်)

---

၆။ သိကြားမင်း၏ ပုရိန္ဒဒ, သက္က, ဝါသဝအမည်ရခြင်း၏ အကြောင်းတို့ကို ရေးပြပြီး သိကြားမင်းသည် အဘယ် လူပုဂ္ဂိုလ်မျိုးတို့ကို ရှိခိုးပါသနည်း? ဂဟဋ္ဌဝန္ဒနာသုတ်ကို အကိုးအကားပြု၍ ဖြေဆိုပါ။

၆။ **ပုရိန္ဒဒအမည်ရခြင်းအကြောင်း** နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရှေးဦးစွာ အလှူကို ပေးလှူ၏၊ ထို့ကြောင့် "ပုရိန္ဒဒ" ဟု ဆိုအပ်၏။ (မြန်-၂၁၅) (၂-မှတ်)

**သက္ကအမည်ရခြင်းအကြောင်း** နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက ရိုသေစွာ ပေးလှူ၏၊ ထို့ကြောင့် "သက္က"ဟူ၍ ဆိုအပ်၏။ (မြန်-၂၁၅) (၂-မှတ်)

**ဝါသဝအမည်ရခြင်းအကြောင်း** နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါက တည်းခိုရာ စရပ်ကို ပေးလှူဘူး၏၊ ထို့ကြောင့် "ဝါသဝ"ဟူ၍ ဆိုအပ်၏။ (မြန်-၂၁၅) (၂-မှတ်)

**သိကြားမင်း ရှိခိုးသောလူ–**

အကြင်သူတို့သည် အိမ်၌တည်ကုန်၍ကောင်းမှုကို ပြုကုန်၏၊ သီလရှိကုန်၏၊ ရတနာသုံးပါးကို ဆည်းကပ်ကုန်၏၊ တရားနှင့်အညီ သားမယားကို မွေးမြူကုန်၏၊ ထိုသူတို့ကို အကျွန်ုပ်သည်လည်း ရှိခိုးပါ၏–ဟု ပြောဆို၏။ (မြန်-၂၂၀) (၄-မှတ်)

---

၇။ ဇာတိ, နာမ်ရုပ်–တို့၏ အဓိပ္ပါယ်ကို ဝိဘင်္ဂသုတ်လာသည့်အတိုင်း ရေးပြပါ။

၇။ **ဇာတိရုပ်အဓိပ္ပါယ်–**

ထိုထိုသတ္တဝါတို့၏ ထိုထိုဘုံဘဝ၌ ဖြစ်ပေါ်လာခြင်း အပြည့်အစုံ ဖြစ်ပေါ်လာခြင်း အမိဝမ်းသို့ ဝင်ရောက်ခြင်းထင်ရှားဖြစ်ပေါ်ခြင်းခန္ဓာတို့၏ထင်ရှားဖြစ်ခြင်းတည်ရာ'အာယတန'တို့ကိုရခြင်းဟူသော ဤသဘောတရားကို ဇာတိ–ဟု ဆိုအပ်၏။ (မြန်-၂၂၉) (၅-မှတ်)

**နာမ်ရုပ်အဓိပ္ပါယ်–**

ခံစားမှု'ဝေဒနာ'မှတ်သားမှု'သညာ'စေ့ဆော်မှု'စေတနာ'တွေ့ထိမှု'ဖဿ'နှလုံးသွင်းမှု'မနသိကာရ' ဤတရားကို နာမ်ဟု ဆိုအပ်၏၊ မဟာဘုတ်လေးပါးတို့ကိုငင်း မဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ် သော ရုပ်ငင်း ဤတရားကို ရုပ်ဟု ဆိုအပ်၏၊ ရဟန်းတို့ ဤသည်ကား နာမ်တည်း ဤသည်ကား ရုပ် တည်း၊ ဤသဘောတရားကို နာမ်ရုပ်ဟု ဆိုအပ်၏။ (မြန်-၂၃၀) (၅-မှတ်)

---

၈။ သောတာပတ္တိအင်္ဂ၄–ပါးတို့တွင်နောက်ဆုံးအင်္ဂါရပ်ကိုပဉ္စဝေရဘယသုတ်နှင့်အညီရေးပြပြီးသုသိမပရိဗိုဇ်၏ တပည့်ပရိသတ်တို့က သုသိမပရိဗိုဇ်အား တိုက်တွန်းပြောဆိုသော စကားကိုလည်း ရေးပြပါ။

၈။ **နောက်ဆုံးအင်္ဂါရပ်–**

မကျိုးမပေါက် မပြောက်မကျားကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်း အပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု သမာဓိကို ဖြစ်စေ တတ်ကုန် သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ (မြန်-၂၈၉) (၅-မှတ်)

**သုသိမပရိဗိုဇ်အား တိုက်တွန်းပြောဆိုသော စကား–**

ငါ့သျှင်သုသိမ သင်လာဦးလော့၊ ရဟန်းဂေါတမအထံ၌ မြတ်သောအကျင့်ကို ကျင့်ချေလော့၊ သင်သည် တရားကို သင်ခဲ့၍ ငါတို့ကို ပို့ချလော့၊ ငါတို့သည် ထိုတရားကို သင်ယူ၍ လူတို့အား ဟောကုန်အံ့၊ ဤသို့ ဟောပြောသည်ရှိသော် ငါတို့သည်လည်း အရိုအသေပြု ခံရကုန်လိမ့်မည်၊ အလေးပြုခံရကုန်လိမ့်မည်၊ အမြတ်နိုး ခံရကုန်လိမ့်မည်၊ အပူဇော် ခံရကုန်လိမ့်မည်၊ အဆည်းကပ် ခံရကုန်လိမ့်မည်၊ သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်တို့ကို ရကုန်လိမ့်မည် ဟု ဆိုကြကုန်၏။ (မြန်-၃၂၇) (၅-မှတ်)

၉။ အာဘာဓာတ်စသည်တို့ဖြင့် ရောက်နိုင်သော သမာပတ်တို့ကို အစဉ်တကျ တွဲစပ်ပြပြီး မြတ်စွာဘုရားသည် အဘယ်အကျိုးငှာ တိကဘောဇဉ်ကို ပညတ်တော်မူခဲ့ပါသနည်း? ရေးသားဖြေဆိုပါ။

၉။ **ဓာတ်တို့ကို သမာပတ်တို့နှင့် အစဉ်တကျ တွဲစပ်ပုံ–**

အာဘာဓာတ် , သုဘဓာတ် , အာကာသနဉ္စာယတနဓာတ်, ဝိညာဏဉ္စာယတနဓာတ်, အာကိဉ္စညာယတန ဓာတ်–ဟူသော ဤဓာတ်တို့သည် သညာသမာပတ်သို့ ရောက်အပ်ကုန်၏၊

နေဝသညာနာသညာယတ နဓာတ်သည် သင်္ခါရမှ ကြွင်းသော သမာပတ်သို့ ရောက်အပ်၏၊

သညာဝေဒယိတနိရောဓဓာတ်သည် နိရောဓသမာပတ်သို့ ရောက်အပ်၏။ (မြန်–၃၄၉) (၅–မှတ်)

မှတ်ချက်။ မြန်မာပြန်စာအုပ်၌ ဝိညာဏဉ္စာယတနဓာတ်ကျန်နေပါသည်။

**တိကဘောဇဉ်ကို ပညတ်ရခြင်းအကျိုး–**

သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှာ သီလကို ချစ်ကုန်သော ရဟန်းတို့အား ချမ်းသာစွာ နေရခြင်းငှာ အလိုဆိုးရှိကုန်သော ရဟန်းတို့သည် အသင်းအပင်းကို မှီ၍ သံဃာကို မဖျက်ဆီးခြင်းငှာ ဒါယကာကို ချီးမြှောက်ခြင်းငှာ – ဤသုံးပါးသော အကျိုးထူးတို့ကို စွဲ၍ မြတ်စွာဘုရားသည် ဒါယကာ အိမ် တို့၌ သုံးပါးခံယူနိုင်သော တိကဘောဇဉ်ကို ပညတ်ပါ၏။ (မြန်–၄၀၇) (၅–မှတ်)

---

၁၀။ မြတ်စွာဘုရား ရဟန်းတို့အား မိန့်ကြားတော်မူသည့် မုဆိုး, ကြိုးရှည်ရှည်တပ်သော မှိန်း, ကြိုးအမည်တို့ကို ကမ္မသုတ်နှင့်အညီ ရေးပြပြီး မြတ်စွာဘုရား အရှင်နန္ဒအား မိန့်ကြားတော်မူသည့် စကားရပ်ကို ဂါထာနှင့် အညီ ရေးပြပါ။

၁၀။ “မုဆိုး”ဟူသော ဤအမည်သည် ယုတ်မာသော ကိလေသာမာရ်၏ အမည်တည်း၊

“ကြိုးရှည်ရှည် တပ်သော မှိန်း”ဟူသော ဤအမည်သည် လာဘ်ပူဇော်သကာ အကျော်အစော၏ အမည် တည်း၊

“ကြိုး”ဟူသော ဤအမည်သည် နှစ်သက်စွဲမက်ခြင်း ‘နန္ဒီရာဂ’၏ အမည်တည်း။ (မြန်–၄၁၄) (၆–မှတ်)

**အရှင်နန္ဒအား မိန့်တော်မူသည့် စကားရပ်–**

အာရုညကင်စုတင်ကို ဆောက်တည်သော ပံသကူစုတင်ကို ဆောက်တည်သော မထင်မရှား ဆွမ်းခံ ၍ရ သော ဆွမ်းဖြင့် မျှတရောင့်ရဲသော ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းမရှိသော နန္ဒကို အဘယ်အခါ၌ ငါမြင်ရ ပါအံ့နည်း–ဟု (မိန့်တော်မူ၏)။ (မြန်–၄၅၇) (၄–မှတ်)

---

# အုပ်စု (၄) သံယုတ္တနိကာယ

## ခန္ဓဝဂ္ဂ သဠာယတနဝဂ္ဂ သံယုတ္တပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ (၉-၇-၂၀၂၃) တနင်္ဂနွေနေ့

================================================================================

၁။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ သွားသောရဟန်းကို ပညာရှိတို့က ပြဿနာမေးတတ် စုံစမ်းတတ်ကြရာ အဘယ်သို့ ပြဿနာမေးတတ် စုံစမ်းတတ်ပါသနည်း? ဒေဝဒဟသုတ်လာ အရှင်သာရိပုတ္တရာ ဟောကြားသည့်အတိုင်း ရေးခဲ့ပါ။

၁-ဖြေ (၁) အသျှင်တို့၏ ဆရာ မြတ်စွာဘုရားသည် အဘယ်ဝါဒရှိပါသနည်း။ အဘယ်ကို ဟောလေ့ရှိပါသနည်း ''။ (၂-မှတ်)

(၂) ''အသျှင်တို့၏ဆရာမြတ်စွာဘုရားသည်အဘယ်၌လိုချင်တပ်မက်မှု'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိပါသနည်း''။ (၂-မှတ်)

(၃) ''အသျှင်တို့၏ ဆရာ မြတ်စွာဘုရားသည် အဘယ်အပြစ်ကို မြင်၍ ရုပ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိပါသနည်း၊ ဝေဒနာ၌။ သညာ၌။ သင်္ခါရတို၌။ ဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောလေ့ရှိပါသနည်း''။ (၃-မှတ်)

(၄) ''အသျှင် တို့၏ဆရာ မြတ်စွာဘုရားသည် အဘယ်အကျိုးကို မြင်၍ ရုပ်၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိပါသနည်း၊ ဝေဒနာ၌ ။ သညာ၌ ။ သင်္ခါရတို့၌ ။ ဝိညာဏ်၌ လိုချင်တပ်မက်မှု 'ဆန္ဒ ရာဂ' ပယ်ဖျောက်ခြင်းကို ဟောတော်မူလေ့ရှိပါသနည်း''။

(၃-မှတ်) (ခန္ဓ၊ မြန်။ ၇)

--------------------------------------------------------------------------------

၂။ (က) ဝန် (ခ) ဝန်ဆောင်သမား (ဂ) ဝန်ယူရကြောင်း (ဃ) ဝန်ချထားခြင်းတို့ကို ဘာရ-သုတ်နှင့်အညီ အကျဉ်းမျှ ရှင်းပြ၍၊ လောက၌ ဝန်ကို ယူရခြင်း, ချထားခြင်း အကျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၂-ဖြေ (က) ဝန်။ ဥပါဒါနက္ခန္ဓာငါးမျိုး။ (၂-မှတ်)

(ခ) ဝန်ဆောင်သမား။ ပုဂ္ဂိုလ်။ (၂-မှတ်)

(ဂ) ဝန်ယူရကြောင်း။ တဏှာ။ (၂-မှတ်)

(ဃ) တပ်မက်မှု 'တဏှာ'၏သာလျှင် အကြွင်းမဲ့ကင်းပြတ်ချုပ်ငြိမ်းခြင်း။ (၂-မှတ်)

လောက၌ ဝန်ကို ယူရခြင်းသည် ဆင်းရဲ၏။ (၁-မှတ်)

ဝန်ကို ချထားခြင်းသည် ချမ်းသာ၏။ (၁-မှတ်)(ခန္ဓ၊မြန်။ ၂၅)

--------------------------------------------------------------------------------

၃။ ဥဒါနသုတ်လာ မြတ်စွာဘုရား ဥဒါန်းကျူးရင့်တော်မူပုံကို ဖြေဆို၍၊ အဘယ်ဝေဒနာကို “ငါ့ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ အတ္တမဟုတ်”ဟု ရှုရပါမည်နည်း? အနတ္တလက္ခဏာသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၃-ဖြေ **ဥဒါန်းကျူးရင့်တော်မူပုံ-**

''ငါမည်သောတရားသည် အကယ်၍ မရှိငြားအံ့၊ ငါ့ဥစ္စာဟူ၍ မဖြစ်ရာ၊ အကယ်၍ ပြုပြင်မှု' ကမ္မာဘိသင်္ခါရ' မဖြစ်ငြားအံ့၊ ငါ့အား ပဋိသန္ဓေနေမှု မဖြစ်တော့လတ္တံ့ဟု ဤသို့ နှလုံးသွင်းသော ရဟန်းသည်အောက်ပိုင်းသံယောဇဉ် တိုကို ဖြတ်နိုင်ရာ၏'' (ခန္ဓ၊ မြန်။ ၅၆) (၅-မှတ်)

**ရှုရမည့် ဝေဒနာ-**

အတိတ် အနာဂတ်ပစ္စုပ္ပန်လည်းဖြစ်သော အတွင်း အပြင်လည်းဖြစ်သော အကြမ်း အနုလည်း ဖြစ်သော အယုတ်အမြတ်လည်းဖြစ်သော အဝေး အနီးလည်းဖြစ်သော အလုံးစုံသော ဝေဒနာ ဖြစ်ပါသည်။

(ခန္ဓ၊မြန်။ ၆၆) (၅-မှတ်)

--------------------------------------------------------------------------------

၄။ အဘယ့်ကြောင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်-ဟု ခေါ်ဆိုအပ်ပါသနည်း? ခဇ္ဇနီယသုတ်လာ အတိုင်း ဖြေဆို၍၊ လှူစည်းစိမ်မှလည်းဆုတ်ယုတ်သူ, ရဟန်းပြုကျိုးကိုလည်း မပြည်စုံစေနိုင်သူကို ဥပမာနှင့်တကွ ပိဏ္ဍောလျသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၄-ဖြေ ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟု ဆိုအပ်၏။ (၁-မှတ်)

ခံစားတတ်သောကြောင့် ဝေဒနာဟု ဆိုအပ်၏။ (၁-မှတ်)

မှတ်သားတတ်သောကြောင့် သညာဟု ဆိုအပ်၏။ (၁-မှတ်)

ပြုပြင်အပ်သောသဘောကို ပြုပြင်တတ်သောကြောင့် သင်္ခါရတို့ဟု ဆိုအပ်၏။ (၁-မှတ်)

သိတတ်သောကြောင့် ဝိညာဏ်ဟု ဆိုအပ်၏။ (၁-မှတ်)

**လှူစည်းစိမ်မှလည်း ယုတ်သူ၊ ရဟန်းပြုကျိုးကိုလည်း မပြည့်စုံစေနိုင်သူ-**

ဤသို့ ရဟန်းပြုသော အမျိုးသားသည်လည်း မက်မောခြင်း 'အဘိဇ္ဈာ' များသူ ကာမတို့၌ ထက်သော စွဲမက်မှုရှိသူ ဖျက်ဆီးလိုသော စိတ်ရှိသူ ပြစ်မှားလိုသော စိတ်အကြံရှိသူ သတိမေ့လျော့သူ ပညာဆင်ခြင်တုံ မရှိသူ မတည်ကြည်သူ တုန်လှုပ်သော စိတ်ရှိသူ ဣန္ဒြေတိုကို မစောင့်စည်းသူ ဖြစ်ခဲ့အံ့။ ရဟန်းတို့! နှစ်ဖက်မှ ရဲရဲလောင်နေသော အလယ်မှ မစင်ပေနေသော သူကောင်မြှိုက် ထင်းကုလား တုံး မီးစသည် ရွာ၌လည်း ထင်းကိစ္စကို မပြီးစေနိုင်၊ တော၌လည်း ထင်းကိစ္စကို မပြီးစေနိုင်သကဲ့သို ထိုနည်းတူစွာ ဤပုဂ္ဂိုလ်ကို လှူစည်းစိမ်မှလည်း ဆုတ်ယုတ်သူ ရဟန်းပြုကျိုးကိုလည်း မပြည့်စုံစေနိုင် သူဟု ငါ ဆို၏။ (ခန္ဓ၊မြန်။ ၉၀) (၅-မှတ်)

---

၅။ မြတ်စွာဘုရားရှင် အနုရာဓရဟန်းအား မိန့်တော်မူအပ်သော ဘုရားရှင်ပညတ်အပ်သော တရားတို့ကို ဖြေဆို၍၊ အရှင်အဿဇိအား မြတ်စွာဘုရား နောက်ဆုံးမိန့်တော်မူသော စကားကိုလည်း ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။

၅-ဖြေ **ပညတ်အပ်သောတရား**

ရှေးကဖြစ်စေ၊ ယခုဖြစ်စေ ဒုက္ခကိုလည်းကောင်း၊ ဒုက္ခ၏ ချုပ်ရာ (နိဗ္ဗာန်) ကိုလည်းကောင်း ပညတ်၏။ (ခန္ဓ၊မြန်။ ၁၀၉) (၃-မှတ်)

**နောက်ဆုံးမိန့်တော်မူသော စကား-**

အဿဇိ ! ဥပမာသော်ကား ဆီနှင့် မီးစာကို စွဲ၍ ဆီမီးသည် တောက်လောင်ရာ၏၊ ထိုဆီနှင့် မီးစာ ကုန်ခြင်းကြောင့် လောင်စာမရှိသည် ဖြစ်၍ ငြိမ်းသကဲ့သို့ (၃-မှတ်)

အဿဇိ ! ဤအတူပင် ရဟန်းသည် ခန္ဓာကိုယ်အဆုံးရှိသော ဝေဒနာကို ခံစားလျှင် ''ခန္ဓာကိုယ် အဆုံးရှိသော ဝေဒနာကို ခံစား၏ ''ဟု သိ၏၊ အသက်အဆုံးရှိသော ဝေဒနာကို ခံစားလျှင် ''အသက်အဆုံး ရှိသော ဝေဒနာကို ခံစား၏ ''ဟု သိ၏၊ ''ခန္ဓာကိုယ်ပျက်၍ အသက် ကုန်သည်မှ အထက်၌ ဤဘဝ၌ပင် ဝေဒနာအားလုံးတို့သည် နှစ်သက်ဖွယ် မရှိကုန်သည်ဖြစ်၍ အေးငြိမ်းကုန်လတ္တံ့''။

(ခန္ဓ၊ မြန်။ ၁၁၄) (၄-မှတ်)

---

၆။ မျက်စိ၏ (က) သဘာဝဖွယ် (ခ) အပြစ် (ဂ) ထွက်မြောက်ရာတို့ကို ဖြေဆို၍ သဗ္ဗသုတ်လာ အလုံးစုံ တရားကိုလည်း မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၆-ဖြေ (က) မျက်စိကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာမှု ဝမ်းမြောက်မှု။
(ခ) မျက်စိ၏ မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘော။
(ဂ) မျက်စိ၌ လိုချင်စွဲမက်မှု ဆန္ဒရာဂကို ဖျောက်ခြင်းပယ်ခြင်း။ (သဠာ၊ မြန်။ ၉) (နှစ်မှတ်စီ (၆-မှတ်)

**အလုံးစုံတရား-**

မျက်စိနှင့် အဆင်းတို့လည်းကောင်း၊ နားနှင့် အသံတို့လည်းကောင်း၊ လျှာနှင့် အရသာတို့လည်းကောင်း၊ ကိုယ်နှင့် အတွေ့အထိတို့လည်းကောင်း၊ စိတ်နှင့် သဘောတရားတို့လည်းကောင်း တည်း။ (သဠာ၊ မြန်။ ၁၇) (၄-မှတ်)

---

၇။ ပျက်စီးတတ်သောကြောင့် "လောက" ဟုဆိုရာ၌ အဘယ်သည် ပျက်စီးတတ်သနည်း? လောကပဉှာ သုတ်လာအတိုင်း ဖြေဆို၍၊ အရှင်သာရိပုတ္တရာအား အရှင်ဆန္န ပြောပြသော ရောဂါဝေဒနာခံစားနေရပုံတို့ကိုလည်း ဥပမာများနှင့်တကွ ဖြေဆိုခဲ့ပါ။

၇-ဖြေ **ပျက်စီးတတ်သော တရား-**

မျက်စိသည် ပျက်စီးတတ်၏၊ အဆင်းတို့သည် ပျက်စီးတတ်ကုန်၏၊ စက္ခုဝိညာဏ်သည် ပျက်စီး တတ်၏၊ စက္ခုသမ္ဖဿသည် ပျက်စီးတတ်၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုသုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် ပျက်စီးတတ်၏။ပ။ လျှာသည် ပျက်စီးတတ်၏ ။ပ။ စိတ်သည် ပျက်စီးတတ်၏၊ သဘောတရားတို့သည် ပျက်စီးတတ်ကုန်၏၊ မနောဝိညာဏ်သည် ပျက်စီးတတ်၏၊ မနောသမ္ဖဿသည် ပျက်စီးတတ်၏၊ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည် ပျက်စီးတတ်၏။ (သဠာ၊ မြန်။ ၅၅) (၅-မှတ်)

**ရောဂါဝေဒနာခံစားရပုံ-**

အားကောင်းသော ယောကျ်ားသည် ထက်လှစွာသော သန်လျက်ဦးဖြင့် ဦးထိပ်၌ ထိုးသကဲ့သို့ ဤအတူ လွန်ကဲသော လေတို့သည် ဦးထိပ်၌ ထိုးကုန်၏။

အားကောင်းသောယောကျ်ားသည် ခိုင်မြဲသောသားရေကြိုးပိုင်းဖြင့် ဦးခေါင်း၌ ရစ်ပတ်ရာသကဲ့သို့ ဤအတူ ဦးခေါင်း၌ လွန် ကဲသော ဝေဒနာ ဖြစ်နေပါကုန်၏။

ကျွမ်းကျင်သော နွားသတ်သမားဖြစ်စေ၊ နွားသတ်သမား၏ တပည့်ဖြစ်စေ ထက်လှစွာသော သားလှီးဓားဦးဖြင့် ဝမ်းပိုက်ကိုထိုးဖောက်ဆွဲငင်ရာသကဲ့သို့ ဤအတူ လွန်ကဲသော လေတို့သည် ဝမ်းပိုက်ကို ထိုးဖောက်ဆွဲငင်ပါကုန်၏။

အားကောင်းသော ယောကျ်ားနှစ်ယောက်တို့သည် အားနည်းသော ယောကျ်ားကို လက်မောင်းတစ်ဖက်စီတို့၌ဆွဲကိုင်ပြီးလျှင်မီးကျီတွင်း၌ကင်ကုန်သကဲ့သို့ ဤအတူ ခန္ဓာကိုယ်၌ အလွန်ပူလောင်နေပါ၏။ (သဠာ၊မြန်။ ၅၉) (၅-မှတ်)

---

၈။ ဘာရဒွါဇသုတ် (က) ဟောရာဌာန (ခ) ဟောကြားသောပုဂ္ဂိုလ် (ဂ) နာယူသောပုဂ္ဂိုလ်တို့၏ အမည်တို့ကို ဖြေဆို၍၊ ပဌမအရွယ် ငယ်ရွယ်နုပျိုသော ရဟန်းတို့ ကာမဂုဏ်မခံစားဘဲ အသက်ထက်ဆုံး မြတ်သော အကျင့်ကို ကျင့်ကြခြင်းအကြောင်းကိုလည်း ဘာရဒွါဇသုတ်နှင့်အညီ ပဌမအကြောင်းကိုသာ ဖြေဆိုခဲ့ပါ။

၈-ဖြေ (က) ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း။

(ခ) အရှင်ပိဏ္ဍောလဘာရဒွါဇ။

(ဂ) ဥဒေနမင်း။ (၂-မှတ်စီ ၆-မှတ်)

**မြတ်သောအကျင့်ကို ကျင့်ကြခြင်းအကြောင်း-**

မြတ်စွာဘုရားသည် ''ရဟန်းတို့ လာကြကုန်လော့၊ သင်တို့သည် အမိအရွယ်ရှိသူတို့၌ အမိဟူသော စိတ်ကို ထားကြကုန်လော့၊ နှမအရွယ်ရှိသူတို့၌ နှမဟူသော စိတ်ကို ထားကြကုန်လော့၊ သမီးအရွယ်ရှိသူတို့၌ သမီးဟူသော စိတ်ကိုထားကြကုန်လော့''ဟူသော ဤစကားကို ဟောတော်မူသောကြောင့် ဖြစ်ပါသည်။ (၄-မှတ်) (သဠာ၊ မြန်။ ၁၁၄)

---

၉။ အာသီဝိသောပမသုတ်လာ (က) "မြွေလေးကောင်" (ခ) "အတွင်းသူလျှို လူသတ်သမား" (ဂ) "လူသူ ဆိတ်သုဉ်းသော ရွာ" (ဃ) "ရွာကို နှိပ်စက်ဖျက်ဆီးသော ခိုးသူ" (င) "ရေပင်လယ်ကြီး"ဥပမာစကား၌ အနက်အဓိပ္ပါယ်တို့ကို ရှင်းပြဖြေဆိုခဲ့ပါ။

၉-ဖြေ (က) "မြွေလေးကောင်တို့''ဟူသော ဤအမည်သည်ကား ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဟူသော မဟာဘုတ်လေးပါးတို၏ အမည်တည်း။

(ခ) "အတွင်းသူလျှို လူသတ်သမား''ဟူသော ဤအမည်သည်ကား နှစ်သက်စွဲလမ်းမှု 'နန္ဒီရာဂ'၏ အမည်တည်း။

(ဂ) ''လူသူဆိတ်သုဉ်းသောရွာ''ဟူသောဤအမည်သည်ကားအတွင်းဖြစ်သောတည်ရာ'အဇ္ဈတ္တိကာယတန ' တို့၏ အမည်တည်း။

(ဃ) ''ရွာကို နှိပ်စက်ဖျက်ဆီးသော ခိုးသူ'' ဟူသော ဤအမည်သည် အပဖြစ်သော တည်ရာ'ဗာဟိရာ ယတန' တရားခြောက်ပါးတို့၏ အမည်တည်း။

(င) ''ရေပင်လယ်ကြီး''ဟူသော ဤအမည်ကား ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဟူသော ဩဃလေးပါးတို့၏ အမည်တည်း။ (၂-မှတ်စီ ၁၀-မှတ်) (သဠာ၊ မြန်။ ၁၈၂/၃)

---

၁၀။ ချက်ပြီး ဆွမ်းဦးကို လောင်းရုံမျှဖြင့် မွဲနိုင်/ မမွဲနိုင် မြတ်စွာဘုရားမိန့်ဆိုသော စကားကို အထောက်ပြကာ ဆုံးဖြတ်၍၊ အမျိုးတို့၏ ပျက်စီးခြင်း အကြောင်း (၈)ပါးတို့ကိုလည်း အစဉ်တကျ ရေးခဲ့ပါ။

၁၀-ဖြေ **မွဲနိုင် / မမွဲနိုင် အဆုံးအဖြတ်**

ဤကမ္ဘာမှ (နောက်) ကိုးဆယ့်တစ်ကမ္ဘာတို့တိုင်အောင် ငါ အောက်မေ့သည်ရှိသော် ချက်ပြီး ဆွမ်းကို လောင်းရုံမျှဖြင့် ပျက်စီးဖူးသော အမျိုးသားတစ်ဦးတစ်ယောက်ကိုမျှ ငါ သိမြင်တော်မမူ- ဟု မြတ်စွာဘုရားမိန့်သောကြောင့် မမွဲနိုင်ပါ။ (သဠာ၊မြန်။ ၃၁၄) (၅-မှတ်)

**အမျိုးတို့၏ ပျက်စီးခြင်းအကြောင်းများ-**

၁။မင်းကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏၊

၂။ခိုးသားဓါးပြကြောင့်လည်း ပျက်စီးခြင်းသို့ရောက်ကုန်၏၊

၃။မီးကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏၊

၄။ရေကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်၏၊

---

ပိဋကတ္တယမာမကအသင်း နာယကဆရာတော်များ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
အုပ်စု (၄) သုတ္တန္တပိဋက

**မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် အဖြေလွှာ**

၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၈) ရက်၊ (၁၀.၇.၂၀၂၃) တနင်္လာနေ့

---

၁။ **မဂ္ဂင်ရထားကြီး၏ ရထားသံ-** ရှက်မှု ဟိရီ။ **ဇက်ကြိုး-** ဝိပဿနာစိတ် (မဂ်စိတ်)။
**ဝင်ရိုး -** စျာန်။ **ဘီး -** ဝီရိယ။ **အကာအရံ -** အလောဘ။ (မြန်-၆) ( ၁-မှတ်စီဖြင့် ၅-မှတ်)
**အညတိတ္ထိယပေယျာလ-၌ လာသော မြတ်သောအကျင့်ကို ကျင့်ရခြင်းအကျိုးတို့တွင် အစ (၅)ခု=**
စွဲမက်မှုရာဂ ကင်းစေခြင်းအကျိုးငှာ၊
သံယောဇဉ်ကို ပယ်ကာ နိဗ္ဗာန်အကျိုးငှာ၊
အနုသယကို နုတ်ပယ်ကာ နိဗ္ဗာန်အကျိုးငှာ၊
သံသရာအစွန့်ကို ပိုင်းခြား၍ သိရာ နိဗ္ဗာန်အကျိုးငှာ၊
အာသဝေါတရားတို့၏ ကုန်ရာ နိဗ္ဗာန်အကျိုးငှာ မြတ်သောအကျင့်ကို ကျင့်၏။
(မြန်-၂၄ / ၂၅) ( ၁-မှတ်စီဖြင့် ၅-မှတ်)

---

၂။ **အရိယအဋ္ဌင်္ဂိကမဂ်ကို ပွားခြင်းကြောင့် ရနိုင်သော အကျိုးတရားတို့ကို ဥပမာနှင့်တကွ**

ခြောက်လတို့ပတ်လုံး ရေ၌ အပြန်ပြန်အခေါက်ခေါက် သွားလာ၍ ဆောင်းဥတု၌ ကုန်းပေါ်သို့တင်ထားသော သမုဒ္ဒရာကူး ကြိမ်ချုပ်လှေ၌ လေနေပူတို့ဖြင့် နှိပ်စက်အပ်ကုန်သော ချုပ်ဖွဲ့ထားသော ကြိမ်တို့သည် ရွာသွန်း သော မိုးရေတို့ဖြင့် စိုစွတ်အပ်သည်ဖြစ်၍ အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက်ပုပ်ဆွေးကုန်သကဲ့သို့

ထို့အတူပင် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွါးများသော ရဟန်းအား သံယောဇဉ်တို့သည် အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက်ပုပ်ဆွေးကုန်၏။ **(မြန်-၅၀ / ၅၁) (၇-မှတ်)**

**တသိနာ-သုတ်လာ မွတ်သိပ်ဆာလောင်ခြင်း သုံးမျိုး=**
ကာမ၌ မွတ်သိပ်မှု ကာမတသိနာ၊
ဘဝမပြတ်ဟူသော အယူနှင့်တကွဖြစ်သော မွတ်သိပ်မှု ဘဝတသိနာ၊
ဘဝပြတ်၏ဟူသော အယူနှင့်တကွဖြစ်သော မွတ်သိပ်မှု ဝိဘဝတသိနာ။ **(မြန်-၅၈) (၃-မှတ်)**

---

၃။ **ကုဏ္ဍလိယပရိဗိုဇ် မြတ်ဗုဒ္ဓအား ပထမဆုံးမေးလျှောက်သော အမေးနှင့် မြတ်ဗုဒ္ဓ၏ အဖြေ**

အရှင်ဂေါတမ အကျွန်ုပ်သည် အာရာမ်ကို အမှီပြု၍ နေလေ့ရှိပါ၏။ ပရိသတ်၌ ကျက်စားပါ၏။ ဆွမ်းစားပြီးနောက် မနက်စာစားပြီးသော အကျွနုပ်အား အာရာမ်တစ်ခုမှ အာရာမ်တစ်ခုသို့ ဥယျာဉ်တစ်ခုမှ ဥယျာဉ်တစ်ခုသို့လှည့်လည်သွားလာခြင်း အလေ့ရှိပါ၏၊ ထိုအကျွန်ုပ်သည် အာရာမ်ဥယျာဉ်တို့၌ ဤသို့ ဝါဒတင်ခြင်းတို့မှ လွတ်မြောက်ခြင်းအကျိုးလည်းရှိသော သူတစ်ပါးအပေါ်တို့၌ ချုပ်ချယ်ခြင်းအကျိုးလည်းရှိသော စကားကို ပြောဆိုနေကုန်သော အချို့သမဏဗြာဟ္မဏတို့ကို တွေ့မြင်ရပါ၏။ အရှင်ဂေါတမသည်ကား အဘယ်အကျိုးရှိ၍ နေသနည်း – ဟု လျှောက်၏။

ကုဏ္ဍလိယ မြတ်စွာဘုရားသည် အသိဉာဏ်ဝိဇ္ဇာ ကိလေသာတို့မှ လွတ်မြောက်မှု ဝိမုတ္တိအကျိုး အာနိသင်ရှိ၍သာ နေပါ၏။ **(မြန်-၆၉) (၅-မှတ်)**

**ရွှေ၏ အညစ်အကြေးများ=** သံ၊ ကြေး၊ ခဲပုပ်၊ ခဲမဖြူ၊ ငွေ။ **(မြန်-၈၆) (၅-မှတ်)**

---

၄။ **စိတ်ပျံ့လွင့်ရာအခါ၌ ပွားသင့်သော ဗောဇ္ဈင်တို့ကို အကြောင်းနှင့်တကွ**

ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ဖြစ်ပါသည်။ **(၃-မှတ်)**

ပျံ့လွင့်နေသောစိတ်ကို ဤသမ္ဗောဇ္ဈင် သုံးပါးသည် ငြိမ်းစေနိုင်သောကြောင့်တည်း။ **(မြန်-၁၀၄)(၃-မှတ်)**

**ဗြဟ္မဝိဟာရစေတောဝိမုတ္တိတရား ၄-ပါးတို့ကို အပြီးအဆုံး(ပရမ)တရားတို့နှင့် အသီးသီးတွဲစပ် ဖြေဆို**

မေတ္တာစေတောဝိမုတ္တိ= တင့်တယ်မှု သုဘ။

ကရုဏာစေတောဝိမုတ္တိ= အာကာသာနဉ္စာယတနစျာန်။

မုဒိတာစေတောဝိမုတ္တိ= ဝိညာဏဉ္စာယတနစျာန်။

ဥပေက္ခာစေတောဝိမုတ္တိ= အာကိဉ္စညာယတနစျာန်။ **(မြန်-၁၀၈ / ၁၁၀) (၄-မှတ်)**

---

၅။ **မြတ်ဗုဒ္ဓ ဟောကြားအပ်သော ဥပမာနှင့် ဥပမေယျတရားတို့ကို ပြည့်စုံစွာ ဖြေဆို**

ရဟန်းတို့! ဥပမာသော်ကား ''ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ် ကောင်းခြင်းပြည့် ကြွယ်တိုင်းကြီးမယ်''ဟုပြောကြားကာ များစွာသော လူအပေါင်းသည် စုဝေးရာ၏၊ ထိုဇနပဒကလျာဏီသည် ကသည်ရှိသော် ကောင်းမြတ်သော ကိုယ်ဟန်အမူအရာရှိရာ၏၊ သီဆိုသည်ရှိသော် ကောင်းမြတ်သော သံနေသံထား အမူအရာရှိရာ၏၊

ရဟန်းတို့! ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်သည် က၏ သီဆို၏ ဟု အတိုင်းအထက်အလွန် စည်းဝေးရာ၏၊ ထိုအခါ အသက်ရှင်လိုသော မသေလိုသော ဆင်းရဲကို အလိုမရှိသော ယောကျ်ားသည် လာရာ၏၊ ထိုသူအား အမောင်ယောကျ်ား! ဤအနားနှင့်အညီ ပြည့်နေသော ဆီခွက်ကို ပွဲသဘင်ကြီးနှင့် ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်အကြား ယူဆောင်သွားရမည်။ ဆီအနည်းငယ်ကျသော အရပ်၌ သင်၏ ခေါင်းကို ဖြတ်အံ့-ဟု သန်လျက်မိုးလျှက် လိုက်လာသော ယောကျ်ားသည် ရှိရာ၏ ထိုဆီခွက်ကို နှလုံးမသွင်းမူ၍ ပြင်ပ အာရုံကြောင့် မေ့လျော့ကာ ဆောင်ယူရာသလော။ အရှင်ဘုရား ဤသို့မဖြစ်နိုင်ပါ။

အနားနှင့် အညီပြည့်နေသော ဆီခွက်သည် ကာယဂတာသတိ၏ အမည်တည်း။ **(မြန်-၁၅၃) (၈-မှတ်)**

ရဟန်းတော်များ အဘယ်အကျိုးငှာ သီလစောင့်ထိန်းကြသည်ကို သီလသုတ်လာအတိုင်း

သတိပဋ္ဌာန် လေးပါး ပွားများခြင်းအကျိုးငှာ စောင့်ထိန်းသည်။ (မြန်-၁၅၄) (၂-မှတ်)

---

၆။ **အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် ပွားများအပ်သော ဣန္ဒြေ=**

သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ။ **(မြန်-၂၀၃) (၃-မှတ်)**

ယင်းဣန္ဒြေတို့သည် အဘယ်တရားတို့၏ ကုန်ခြင်းအဆုံးရှိသည်=

ပဋိသန္ဓေနေမှု, အိုမှု, သေမှု။ **(မြန်-၂၀၃) (၃-မှတ်)**

**အရှင်သာရိပုတ္တရာ လျှောက်ထားအပ်သော သဒ္ဓါရှိသောပုဂ္ဂိုလ်၏ သဒ္ဓိန္ဒြေဖြစ်ပုံ=**

အရှင်ဘုရား! ယုံကြည်မှုသဒ္ဓါရှိသော အရိယာတပည့်သည် ဤသို့ အားထုတ်၍ အားထုတ်၍ ဤသို့ အောက်မေ့၍ အောက်မေ့၍ ဤသို့ ဆောက်တည်၍ ဆောက်တည်၍ ''ငါ ရှေးကကြားဖူးသော တရားတို့သည် ဤတရားတို့ပင်တည်း။ ထို့ကြောင့် ငါသည် ယခုကိုယ်ဖြင့်လည်း ထိတွေ့၍ နေရ၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်ရ၏။''ဟု ဤသို့ ယုံကြည်၏၊ ထိုအရိယာတပည့်၏ သဒ္ဓါသည် သဒ္ဓိန္ဒြေဖြစ်၏။ **(မြန်-၂၀၄) (၄-မှတ်)**

---

၇။ **စေတိယသုတ်၌ လာသော ဘုရားရှင်၏ မွေ့လျော်ရာ (၇)ပါး=**

ဝေသာလီပြည်၊ ဥဒေနစေတီ၊ ဂေါတမကစေတီ၊ သတ္တမ္ဗစေတီ၊ ဗဟုပုတ္တစေတီ၊ သာရန္ဒစေတီ၊ စာပါလစေတီ။ **(မြန်-၂၂၉) (၇-မှတ်)**

**စာပါလစေတီ၌ ကျူးရင့်တော်မူသော မြတ်ဘုရား၏ဥဒါန်းစကားတော်=**

မြတ်စွာဘုရားသည် အတုမဲ့နိဗ္ဗာန်နှင့် အဖန်ဖန်ဖြစ်မှု ဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန်ပြုတတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာတည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့် တူသော မိမိသန္တာန်ရှိ ကိလေသာကွန်ယက်ကို ဖျက်ဆီးခဲ့လေပြီ။ **(မြန်-၂၃၃) (၃-မှတ်)**

---

၈။ **မြတ်စွာဘုရား ဗြဟ္မာပြည်သို့ ချဉ်းကပ်သွားရောက်နိုင်ပုံ=**

မြတ်စွာဘုရားသည် အကြင်အခါ၌ ကိုယ်ကိုလည်း စိတ်၌ တင်ထား၏၊ စိတ်ကိုလည်း ကိုယ်၌ တင်ထား၏၊ ချမ်းသာသော အမှတ်သညာကိုငင်း ၊ ပေါ့ပါးသော အမှတ်သညာကိုငင်း ကိုယ်၌ သက်ဝင်စေ၍ နေ၏။ မြတ်စွာ ဘုရား၏ ကိုယ်သည် မပင်ပန်းဘဲ ကောင်းကင်သို့တက်နိုင်၏။ ဗြဟ္မာပြည်တိုင်အောင်လည်း ကိုယ်တော်ကို စိတ်အလိုအတိုင်း ဖြစ်စေနိုင်၏။ **(မြန်-၂၅၀) (၄-မှတ်)**

**အရိယဝိဟာရဟု ဆိုထိုက်သောတရားကို ကင္ခာနင်္ဂလသုတ်လာအတိုင်း ဖော်ပြ=**

အာနာပါနဿတိသမာဓိ ဖြစ်၏။ **(မြန်-၂၈၅) (၂-မှတ်)**

**ဒီဃာဝု ဥပါသကာနှင့် စပ်၍ ရဟန်းတို့အမေးစကားကို မြတ်ဗုဒ္ဓ မည်ကဲ့သို့ ဖြေကြားခဲ့=**

ရဟန်းတို့ ပညာရှိသော ဒီဃာဝုဥပါသကာသည် နိဗ္ဗာန်အားလျော်သော မဂ်ဖိုလ်တရားကို ရခဲ့ပြီ၊ တရားဟော ပုဂ္ဂိုလ်ဖြစ်သော ငါ့ကို မပင်ပန်းစေ။ ရဟန်းတို့ ပညာရှိသော ဒီဃာဝုဥပါသကာသည် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ဗြဟ္မာဘုံ၌ ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုမည့်သူဖြစ်၍ ထိုဘုံမှ ပြန်လာခြင်း သဘောမရှိတော့ပြီဟု မိန့်တော်မူ၏။ **(မြန်-၃၀၃) (၄-မှတ်)**

---

၉။ **မောင်းမမိသံတို့ အတွေ့အထိနူးညံ့ပုံကို ဥပမာသွင်း ဖြေဆို=**

ထိုမိဖုရားတို့၏ အတွေ့သည် ချမ်းသာစွာ ကြီးပြင်းလာကြကုန်သော မင်းသမီးငယ်တို့၏ လဲစိုင်ဝါဂွမ်းစိုင်နှင့်တူသော ကိုယ်အတွေ့ကဲ့သို့ဖြစ်၏။ **(မြန်-၃၀၇) (၅-မှတ်)**

**နန္ဒိယသက္ကအား ဟောကြားအပ်သော အပွမာဒဝိဟာရီပုဂ္ဂိုလ်=**

မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ-

တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ-

သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ-

မကျိုးမပေါက် မပြောက်မကျားကုန်သော တည်ကြည်မှုကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်။ **(မြန်-၃၅၂) (၅-မှတ်)**

---

၁၀။ **ဓမ္မဒိန္နအား ပထမဆုံးပေးအပ်သော ဩဝါဒကို မှတ်သားဖွယ် ရေးသား=**

ဓမ္မဒိန္န! သင်သည် ဤသို့ကျင့်ရမည် ''နက်နဲကုန်သော နက်နဲသောအနက်ရှိကုန်သော လောကမှ လွန်မြောက်ကြောင်းဖြစ်ကုန်သော ဆိတ်သုဉ်းမှုသုညတနှင့်စပ်ကုန်သော ဘုရားဟောသုတ္တန်တို့ကို အခါခပ်သိမ်း ရရောက်၍ နေကုန်အံ့''ဟု ဤသို့လျှင် သင်သည် ကျင့်ရမည်။ **(မြန်-၃၆၁) (၄-မှတ်)**

**အပါယ်သတ္တဝါများ အလွန်ပင်များပြားပုံကို ပါဠိသုတ်လာအတိုင်း ဖြေဆို=**

ရဟန်းတို့! ဥပမာသော်ကား ယောကျာ်းသည် ဤဇမ္ဗူဒိပ်ကျွန်း၌ မြက်သစ်သား သစ်ခက်သစ်ရွက်တို့ကို ဖြတ်တောက်ခုတ်ရွေ၍ တပေါင်းတည်း စုပုံရာ၏။ တပေါင်းတည်းစုပုံ၍ တံစို့လုပ်ရာ၏၊ တံစို့လုပ်၍ မဟာသမုဒ္ဒရာ၌ ရှိသော သတ္တဝါကြီးတို့ကို တံစို့ကြီးတို့၌ သီရာ၏။ မဟာသမုဒ္ဒရာ၌ ရှိသော သတ္တဝါလတ်တို့ကို တံစို့လတ်တို့၌ သီရာ၏။ မဟာသမုဒ္ဒရာ၌ ရှိသော သတ္တဝါငယ်တို့ကို တံစို့ငယ်တို့၌ သီရာ၏။ ဤဇမ္ဗူဒိပ်ကျွန်း၌ မြက်သစ်သား သစ်ခက်သစ်ရွက်တို့သည် ကုန်သော် ကုန်ရာ၏။ မဟာသမုဒ္ဒရာ၌ ကြီးသောသတ္တဝါတို့သည်ကား မကုန်နိုင်ရာ။ မဟာသမုဒ္ဒရာ၌ တံစို့မသီနိုင်လောက်အောင် သေးမွှာသော သတ္တဝါတို့သည် ထိုထက်ပင် များကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အတ္တဘော၏ သိမ်မွေ့ခြင်းကြောင့်ပေတည်း။ ဤသို့လျှင် အပါယ်သတ္တဝါများ အလွန်ပင် များပြားကုန်၏။ **(မြန်-၃၉၂ / ၃၉၃) (၆-မှတ်)**

---